ပျဉ်တောင်တွင်းကျေးရွာ

ဒိုက်ဦးမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း(၂၀၂၀-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပျဉ်တောင်တွင်းကျေးရွာ၊ ဒိုက်ဦးမြို့နယ်

(စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ဇွန်လ

မာတိကာ

၁။ စကားချီး

၂။ ပျဉ်တောင်တွင်းကျေးရွာသယံဇာတပြဓေပုံ၊ ဒိုက်ဦးမြို့နယ်

၃။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၄။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာ ဆက်နွယ်မှု

၆။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၈။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

၉။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

၁၀။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) ဦးစားပေး စီမံချက်များ

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အထောက်အကူပြု ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းသွားလာသူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း
ကိုးကားစာရင်း

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ခုနှစ် ဘဏ္ဍာ ရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကို လည်း ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီ အစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေး ရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရ မည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ် ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။












ဤဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင် ရွက်နိုင် ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဇွန်လ၊ ၂၀၂၀ ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပျဉ်တောင်တွင်းကျေးရွာ၊ဒိုက်ဦးမြို့နယ်

၂။ ပျဉ်တောင်တွင်းကျေးရွာ သယံဇာတပြမြေပုံ၊ ဒိုက်ဦးမြို့နယ်


ပြောင်းဖူးတောအုပ်
ကျွဲတောအုပ်
ကြိုးတပ်ရေတွင်း
ကြိုးတပ်ရေတွင်း
ကျွဲတောအုပ်
ကြိုးတပ်ရေတွင်း
ကြိုးတပ်ရေတွင်း
ကြိုးတပ်ရေတွင်း

ပျဉ်ထောင်ကွင်း ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဧန်	ဖေ	မတ်	ပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီဇင်ဘာ
ရာသီဥတု												
အလုပ်အကိုင်	နွေည့်	သင့်	များ	နွေည့်	နွေည့်	ကသင့်ကာ	များ	နွေည့်	နွေည့်	သင့်တင့်	များ	သင့်
သောက်သုံးရေ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
စိုက်ပျိုးရေ	ရှိ	-	-	-	-	-	ရှိ	ရှိ	-	-	-	ရှိ
ရောဂါကျရောက်မှု(လူ)	မရှိ	-	-	-	-	နွေည့်	နွေည့်	-	-	-	-	နွေည့်
ရောဂါကျရောက်မှု (တိရစ္ဆာန်)	ရှိ	နွေည့်	-	-	-	-	-	-	-	-	-	-
သီးနှံပိုးမွှားကျရောက်မှု	နွေည့်	ရှိ	နွေည့်	-	-	-	-	သင့်	-	-	-	-
ပွဲတော်	-	-	ရှိ၊ တလင်းမွဲ	ရှိ၊ သင်္ကြန်	ရှိ ရွာတော် ရေသွဲ့	-	-	-	-	ရှိ၊ ကထိန်	-	-
သဘာဝဘေးအန္တရာယ်	-	-	-	-	-	-	ရှိ	ရှိ	-	-	-	-
ဝင်ငွေရရှိမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁။နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ ကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ် နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်း လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်

စီမံကိန်းများကိုဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များ ဖြစ်ပါသည်။

၄။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပျဉ်တောင်တွင်းကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ပျဉ်းမလွင်ကျေးရွာ၏ အနောက်ဘက် ရန်ကုန်၊ မန္တလေးကားလမ်းမှ (၃)မိုင်အကွာတွင် တည်ရှိသည်။ ကျေးရွာသည် မိုးတွင်းကာလမိုးရေချိန်များသောအခါ လမ်းများသည် ရွှံနှံများပေါများသဖြင့် မြို့ပေါ်သို့ သွားရာတွင်အခက်အခဲများရှိကာ ဆိုင်ကယ်၊ ကားများဖြင့်သွားလာကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေးချိန် (၈၀)လက်မခန့် ရရှိသည်။ သဘာဝပေါင်ပင်များမှာ ဝါး၊ ကုက္ကိုလ်၊ သရက်၊ မာလကာ စသည့် အပင်မျိုးစုံပေါက်ရောက်သည်။ မိုးစပါးစိုက်ပျိုးနိုင်သော လယ်ယာ(၄၈၁)ကေရှိပါသည်။ နှစ်ရှည်သီးနှံပင် သရက်၊ ငှက်ပျော၊ မာလကာ စသည်တို့ကို အိမ်ခြံများအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။

၅။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သက်ဆိုင်သော သာရေး၊နာရေးလုပ်ငန်းကိစ္စများတွင် ပိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ကျေးရွာစည်ပင်သာယာရေးကော်မတီတို့ ရှိကြပြီးကျေးရွာတွင် ကိစ္စရပ်များကို ပိုင်းဝန်းဆောင်ရွက်လုပ်ကိုင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အိမ်တိုင်းပူးပေါင်းလုပ်ကိုင်ကြသည့်အတွက် လုပ်ငန်းများလွယ်ကူအဆင်ပြေစွာပြီးမြောက်ပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် မိုးစပါးစိုက်ပျိုးကြပြီး ပွင့်လင်းရာသီတွင် ပဲမျိုးစုံ၊ ဖရဲ၊ သခွားနှင့် ခြံထွက်သီးနှံများစိုက်ပျိုးကြပါသည်။ ကျေးရွာလယ်မြေအမျိုးအစားမှာ မြို့နယ်တွင်အသင့်အတင့်မျှသာဖြစ်ပါသည်။ အခြားသား၊ ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာတွင်တနိုင်တစ်ပိုင် ကြက်၊ ဘဲ၊ ဝက်များ မွေးမြူကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်သူများသော်လည်း သီးနှံဈေးနှုန်းမကောင်းခြင်း၊ စိုက်ပျိုးစရိတ်၊ လုပ်သားအင်အားရှားပါးခြင်းကြောင့် ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်သူများ ရှိလာကြသည်။ အချို့သော ဆင်းရဲသည့် အိမ်ထောင်စုမှာ ကြိုတင်ချေးယူ၍ စားနေရကြောင်း တွေ့ရှိရ ပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာသူ/သားများ အများအားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ ကျေးရွာအတွင်း၌ ကျန်းမာရေးလုပ်သားများ မရှိသောကြောင့် လိုအပ်ပါက နီးစပ်ရာဆေးခန်း၊ တိုက်နယ်ဆေးရုံ၊ ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသကြသည်။ ကလေးလူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှနှစ်စဉ် ဆောင်ရွက်ပေးပါသည်။

(င) ပညာရေး နှင့် ကျွမ်းကျင်မှု

ကျေးရွာသူ/သားအများစုသည် အခြေခံအရေး၊အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အနည်းငယ်မျှသာရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင်တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော်အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုများမှာ အကန့်အသတ်များ ရှိနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်ပါသည်။

(စ) ကျား/မဆိုင်ရာ ဆက်နွယ်မှု

ကျား/မဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် လယ်ယာလုပ်ငန်းခွင်တွင် ကောက်စိုက်ခြင်း၊ ပေါင်းနှုတ်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်ကြသည်။ ဘာသာရေး အထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုစသည်တို့တွင် အမျိုးသား/သမီးများ အတူတကွ ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများက အမျိုးသမီးထက် လုပ်အားခပိုရသည်။

၆။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုအဖွဲ့အစည်း (၃)ဖွဲ့ ရှိပါသည်။ အဆိုပါအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်ဖွဲ့စည်းမှု။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သတ်၍ အားနည်းကြပြီး အဖွဲ့အစည်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

အဓိကသီးနှံအဖြစ် စပါးကို စိုက်ပျိုးကြပါသည်။ စပါးမှာ မှော်ဘီ၊ ဆင်သုခ၊ တို့ကို မိုးစပါးအဖြစ်စိုက်ပျိုးကြပြီး စပါးအထွက်မှာ တစ်ဧကလျှင်ပျမ်းမျှ တင်း(၆၀)ဝန်းကျင်ထွက်ရှိပါသည်။ မိုးစပါးအပြီး ကျန်ရှိသော မြေအစိုဓာတ်ကို အသုံးပြု၍ မတ်ပဲ၊ ပဲတီစိမ်းတို့ကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပျမ်းမျှ (၂၀)တင်းသာ ထွက်ရှိပါသည်။

အလုပ်သမားရှားပါးခြင်းကြောင့် စပါးများကို ကြဲပက်စိုက်ပျိုးခြင်းကိုသာ အများစု လုပ်ကိုင် ကြပြီး ပေါင်းသတ်ဆေးကိုစနစ်တကျသုံးစွဲလေ့ မရှိကြပါ။ ကြဲပက်စိုက်ပျိုးခြင်းသည် ပျိုးစိုက်ခြင်းထက် အထွက်

လျော့နည်းသော်လည်း ပျိုးနှုတ်၊ပျိုးစိုက်စရိတ်များကို လျော့ချနိုင်ခြင်း၊ အလုပ်သမားမလုံ လောက်မှုကို ကျော်လွှားနိုင်ခြင်းတို့ကြောင့် ကြဲပက်စိုက်ပျိုးခြင်း မြင့်တက်လာနေပါသည်။

ကျေးရွာတွင် နွား၊ ဝက်၊ ကြက် တို့ကို အဓိကထား၍ တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ တောင်သူအများစုမှာ နွားမွေးမြူကြပြီး ဝက်မွေးမြူသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၁၀%) ဝန်းကျင်ရှိပြီး ဒေသမှဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးမြူသူ အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၇၅%) ရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါ များမှာ ခွာနာလျှာနာ၊ လည်ချောင်းကွဲ၊ ကြက်လည်လိမ်၊ ကြက်အိပ်တန်းကျ တို့ဖြစ်သည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် ကျေးရွာတွင် အဆောက်အဦလုပ်ငန်းများဆောင်ရွက်သော အလုပ်သမားအနည်းငယ်ရှိပြီး ရွာတွင်းအိမ်ယာလုပ်ငန်းများ ဆောက်လုပ်ကာ ဆောင်ရွက်လျှက်ရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

ကျေးရွာတွင်ရာသီဥတုမမှန်ကန်ခြင်း၊ ပိုးသတ်ဆေးနှင့်ဓါတုမြေဩဇာသုံးစွဲမှုများစနစ်မကျခြင်းများကြောင့်မြေဆီဩဇာခမ်းခြောက်မှုများရှိလာပါသည်။စိုက်ခင်းများ၌ဖျက်ပိုးနှင့်ရောဂါများကျရောက်ခြင်းထိန်းချုပ်မှုအားနည်းပါသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလတ်စတစ်အိတ်ခွံ၊ဘူးခွံ၊ပုလင်ခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေး ငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၂၀၀,၀၀၀)ကျပ်နှုန်းဖြင့်ငွေထုတ်ချေးပါသည်။ အခြားအသေးစား ချေးငွေဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။ လယ်သမားများသာမက အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်ရန် လိုအပ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ပျဉ်တောင်တွင်းကျေးရွာသည် မူလတန်းပညာရေးကို ကျေးရွာအတွင်း၌လည်းကောင်း၊ တက္ကသိုလ်ပညာရေးကို ပဲခူးတက္ကသိုလ်တွင်လည်းကောင်း၊ အင်ဂျင်နီယာပညာ ရေးများ၊ သူနာပြုနှင့် ဆရာအတတ်သင် ကောလိပ်စသည်တို့ကို တောင်ငူမြို့ရှိ သက်ဆိုင်ရာတက္ကသိုလ် အသီးသီးတွင် တက်ရောက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာသူ/သားအများစုတွင် အတန်းပညာသို့မဟုတ်ဘုန်းကြီးကျောင်းတွင် စာပေသင်ကြားဖူးသူကများပြီး အသက်(၆၀)အထက် သက်ကြီးများသည်ပင် မူလတန်းပညာရေးကို အနည်းဆုံး(၄)တန်းအထိ သင်ကြားဖူးသူက များပါသည်။ လူလတ်နှင့် လူငယ်ပိုင်းများတွင်မူ အမျိုးသား/သမီး အတန်းပညာပြီးစီးမှုများစွာ ကွာခြားမှုမရှိပါ။ မူလွန်ကျောင်းသည် ရွာလယ်တွင် ရှိပါသည်။

ကျေးရွာရှိကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ပြီး ကျန်းမာရေးဝန်ဆောင်မှု ရယူနိုင်ပါသည်။ အနာရောဂါကျရောက်မှုအနေဖြင့် ဖျားနာ တုတ်ကွေး၊ သွေးတိုးနှင့်ဆီးချိုရောဂါများကို

အတွေ့ရများပြီး တီဘီနှင့် အသည်းရောင်အသားဝါရောဂါရှိသောလူနာရှိပြီး ဒိုက်ဦးမြို့နယ်ဆေးရုံမှ ဆေးဝါးရယူသုံးစွဲကြပါသည်။

ကျေးရွာအိမ်အများစုတွင် ရေတွင်းများရှိကြပြီး ရေနွေးသောက်သည့် အလေ့အထနှင့် အိမ်သာအများစုမှာလည်း ယင်လုံအိမ်သာများ ဖြစ်ကြသောကြောင့် ရေနှင့်ဆက်နွယ်သော ရောဂါဖြစ်ပွားမှုနည်းပါးလှပါသည်။ ကျေးရွာလမ်းများသန့်ရှင်းရေးကိုလူငယ်များကအပိုင်းလိုက် တာဝန်ယူလုပ်ဆောင်ကြပါသည်။

(ဆ) လူငယ် နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ ရွာသူ/သားများလည်း မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်ကြိုးစား မှုများဖြင့် အချိန်ပိုကုန်ကြပြီး စာဖတ်သည့်အလေ့အကျင့်အားနည်းသည်။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

ကျေးရွာဘုန်းတော်ကြီးကျောင်းအတွက် လိုအပ်သောဝေယျာဝိစ္စလုပ်အားပေးခြင်းများကို ပါဝင်လုပ်ဆောင်ကြပါသည်။ တစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘာသာရေးအလိုက်သာ ယဉ်ကျေးမှုပွဲတော်များတွင် ပါဝင်ကြပြီး စာပေယဉ်ကျေးမှုတိုးတက်ရေး သီးသန့်လုပ်ဆောင်မှုများ မရှိပါ။

မိုဘိုင်းလက်ကိုင်ဖုန်းများနှင့် အင်တာနက်များ ရယူသုံးစွဲနိုင်သည့် နောက်ပိုင်းတွင် လူငယ်အများစုအင်တာနက်သုံးစွဲမှု များပြားလာပြီး သူငယ်ချင်းအချင်းချင်း အချိန်ပေးမှုနည်းပါးလာကာ လူငယ်အများစုမှာ လူမှုဝက်ဘ်ဆိုက်များနှင့် အားကစားသတင်း ကြည့်ရှုမှုများလာပါသည်။

(ဇ) အခြေခံ အဆောက်အဦး-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ပျဉ်တောင်တွင်းကျေးရွာသည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၏ အနောက်ဘက်(၃)မိုင် အကွာတွင်တည်ရှိပြီး ကျေးရွာရွာလယ်လမ်းမကြီးမှာ မြေသားလမ်းဖြစ်ပြီး ကျေးရွာမှကိုယ်ထူကိုယ်ထဆောင်ရွက်ရသောကြောင့် ရွာတွင်းလမ်းအား ပြီးစီးအောင်မဆောင်ရွက်ရသေးပါ။ ကျန်ရှိသော ရွာတွင်းလမ်းမအား ဂဝံလမ်းအဖြစ်ကျေးရွာဖွံ့ဖြိုးရေး ပထမဦးစားပေးစီမံချက်အဖြစ်ပြုလုပ်သွားပါမည်။

ကျေးလက်မီးလင်းရေးအနေဖြင့် ကျေးရွာတွင် လျှပ်စစ်မီးရရှိခြင်းမရှိဘဲ ဆိုလာ၊ အင်ဂျင် များဖြင့် အသုံးပြုကြကြောင်းတွေ့ရပါသည်။

သတင်းနှင့်ဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင် တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်းများ အသုံးပြုလျက်ရှိပြီး အင်တာနက်လိုင်းရရှိကာ နေအိမ်တိုင်းတွင် ဖုန်းအသုံး ပြုလျက်ရှိပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ပျဉ်တောင်တွင်းကျေးရွာသည် ဒိုက်ဦးမြို့၊ ပဲခူးမြို့များသို့ ကားလမ်းဖြင့်ကူးသန်း သွားလာနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး သည်နွေဘက်တွင်အဆင်ပြေသော်လည်း မိုးရာသည်တွင် လယ်ယာထွက်ကုန်ပစ္စည်းများသယ်ပို့ရန် အခက်အခဲရှိပါသည်။

လူငယ်ပညာတတ်များရှိပြီးလူဦးရေအားလုံး၏(၇၁%)မှာအလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကိုလူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ရွာသူ/သားများအနေဖြင့်စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ဒိုက်ဦးဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှု များခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသော အဆင့်တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ မိုးရွာသွန်းမှုမှာ သီးနှံစိုက်ပျိုးရန် အထောက်အပံ့ ဖြစ်စေသည့်အပြင် မြေအောက်ရေအသုံးပြုနိုင်သောကြောင့် လယ်မြေကေအားလုံးနီးပါးအတွက် စိုက်ပျိုးရေရရှိနိုင်သည်။ ထို့ပြင် စက်ကိရိယာများကို ငှားရမ်းနိုင်သည့်နေရာများနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် စျေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက် နှင့် ဝက်တို့ကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဋ္ဌီးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင် ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှု မရှိဘဲ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ပျဉ်တောင်တွင်းကျေးရွာတွင် ရွာသူ/သားများအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ လယ်ယာမြေ ကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေ မည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပတ်သတ်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှာရောဂါကာကွယ်နှိမ်နှင်းနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်မှ ချေးငွေ ဝန်ဆောင်မှု ရရှိသော်လည်း စိုက်ပျိုးရေးသွင်းအားစုနှင့် လုပ်အားခများအတွက် လုံလောက်မှု မရှိသေးချေ။ စီးပွားဖြစ်မွေးမြူရေးအတွက် နည်းပညာများရရှိရန် လိုအပ်နေပါသေးသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အလုပ်လုပ်ကိုင်နိုင်သူများ၏ အတတ်ပညာတတ်မြောက်မှုက

လည်း အခြေခံအလုပ်များသာ ရရှိစေပြီး ကျွမ်းကျင်စွာ တတ်မြောက်သူ မများလှပေ။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အသိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

၈။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးဝမ်းကြောင်းပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီးကျေး ရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(၄) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချ ထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာ တွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများ တွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(၅) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများရရှိရန်အတွက် သက်ဆိုင်ရာဦးစီးဌာန များနှင့် ချိတ်ဆက်၍ သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင် တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်း အနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၆) ကျေးရွာရှိကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် ကျေးရွာတွင် မူကြိုကလေးထိန်းကျောင်းတစ်ဆောင် ဖွင့်လှစ်နိုင်ရေးနှင့် မူလတန်းကျောင်းမှ အိမ်သာ များ ပြုပြင်ပေးခြင်းဖြင့် ကျောင်းနေပျော်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးပြီး ကလေးငယ်များ၏ ပညာအရည်အချင်း တိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။

(၇) ကျေးရွာတွင် ကျေးရွာတွင်းလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းကို အဆင့်မြှင့်တင်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦးများတိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိ အောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေး
ဆောင်ရွက်မည်။

၉။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

(က) ကျေးရွာရှိ အဖွဲ့အစည်းများ၊ လူငယ်များအား စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများ စီစဉ်ပေးခြင်း။

(ခ) စိုက်ပျိုးရေးဦးစီးဌာနမှ လက်တွေ့အသုံးဝင်မည့် နည်းပညာများ၊ ဈေးကွက်ဆန်းစစ်ခြင်း နှင့် တန်ဖိုးမြှင့် ထုတ်ကုန်ဈေးကွက်များသို့ ချိတ်ဆက်ကူညီပေးခြင်း။

(ဂ) စက်မှုလယ်ယာဦးစီးဌာနမှလုံလောက်သောစက်ကိရိယာများရရှိအောင်ဌားရမ်းပေးခြင်း။

(ဃ) စီးပွားဖြစ်မွေးမြူရေးအတွက် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးခြင်း။

(င) ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဝင်ငွေတိုးလုပ်ငန်းများအတွက် နည်းပညာသင်တန်းများ စီစဉ်ပေးခြင်း။

(စ) အသက်မွေးဝမ်းကြောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည်ချေးငွေ ရရှိရန် ဆောင်ရွက်ပေးခြင်း။

(ဆ) ကျေးရွာတွင်း ဘွဲ့ရလူငယ်များအား ကျန်းမာရေးဆိုင်ရာသင်တန်းများ တက်ရောက်ခွင့်ရနိုင်ရန် ဆက်သွယ်အကြောင်းကြားပေးခြင်းဖြင့် ကျေးရွာအတွင် ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။

(ဇ) ကျေးရွာ၏လမ်း၊ တံတားများ ကောင်းမွန် တိုးတက်လာအောင် ဆောင်ရွက်ပေးလိုစေခြင်း။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကံကလေးစုကျေးရွာအုပ်စု၊ ပျဉ်တောင်တွင်းကျေးရွာ၏ ဦးစားပေးစီမံချက်များ

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက်	မှတ် ချက်
လမ်း	၁။ ရွာတွင်းလမ်းမအား ဂဝံလမ်းအဖြစ်ဆောင် ရွက်ရန်၊	၅၀	၁	-ရွာတွင်းမြေသားလမ်းအား ဂဝံလမ်းအဖြစ်အဆင့် မြှင့်တင်ဆောင်ရွက်ရန်၊	
လမ်း	၂။ဆက်သွယ်ရေးလမ်း အားမြေသားတိုးချဲ့ဆောင် ရွက်ရန်	၄၈	၂	-ပျဉ်တောင်တွင်း-ကြွေးခင် တန်းဆက်သွယ်ရေးလမ်း အားမြေသားတိုးချဲ့ဆောင်ရွ က်ရန်၊	
ရေ	၃။စက်ရေတွင်းတူးဖော် ဆောင်ရွက်ရန်	၃၉	၃	-ရေကောင်းရေသန့်ရရှိရန်	
ကုန်ထုတ်လမ်း	၄။လယ်ယာထွက်ကုန် များအဆင်ပြေချောမွေ့ စွာသယ်ယူနိုင်ရန်	၂၉	၄	-လယ်ယာထွက်ကုန်များ သယ်ယူနိုင်ရေးအတွက် ကုန်ထုတ်လမ်းဖောက်လုပ် ရန်	
မြစိမ်းရောင်စီမံ ကိန်း	၅။ ကျေးရွာသူကျေးရွာ သားများ ဝင်ငွေတိုးလုပ် ငန်းများဆောင်ရွက်ရန်	၂၁	၅	- မြစိမ်းရောင်ကျေးရွာစီမံ ကိန်းဆောင်ရွက်ရန်	

အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	ရွာတွင်းလမ်းအားဂဝံလမ်း ခင်းခြင်းဆောင်ရွက်ရန်၊	၁	✔				
၂	ပျဉ်တောင်တွင်း-ကြွေးခင်တန်း ဆက်သွယ်ရေးလမ်းအားမြေသားတိုး ခဲ့ဆောင်ရွက်ရန်	၂		✔			
၃	စက်ရေတွင်းတူးဖော်ဆောင်ရွက်ရန်	၃			✔		
၄	ကုန်ထုတ်လမ်းဆောင်ရွက်ရန်	၄				✔	
၅	မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရန်	၅					✔

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၆	၆	၁၂	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၇	၁၉	၃၆	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၆	၃၉	၇၅	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၅	၃၇	၆၂	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၅၂	၂၄၉	၅၀၁	၁	၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၁၃	၁၈	-	-
စုစုပေါင်း		**၃၄၁**	**၃၆၃**	**၇၀၄**	**၁**	**၂**
စုစုပေါင်း အိမ်ထောင်စု		**၁၄၈**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက် ၆၅နှစ် နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်ရှိသည့် လူဦးရေအများဆုံးရှိကြောင်း တွေ့ရှိရပါသည်။ သက်ကြီးရွယ်ကြီး(၁၈)ဦးသာရှိပြီး အများစုမှာရုပ်မိရုပ်ဖများဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကြံပေးဆွေးနွေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃၇	၆၃	၂	၅၀	၁၃	-	မြင့် ☐ လတ်■ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၂	-	၂	-	-	မြင့် □ လတ်■ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၁၀	၂၃၇	၉	၁၅၆	၈၁	-	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်

ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုအများစုမှာ လယ်ယာလုပ်ငန်း အများဆုံးလုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေဘမ်းလုပ်ငန်းလုပ်ကိုင်သူအနည်းငယ်သာရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၁၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်နေထိုင်သူအနည်းစုမှာ ကျပန်းလုပ်ငန်းကိုသာ လုပ်ကိုင်ကြပြီး ယောကျ်ားလေးများသည် အလုပ်ပိုမိုပြီးမြောက်သောကြောင့် လုပ်အားခပိုမိုရရှိကြောင်း တွေ့ရှိရ ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	**၄၈၁**	ကောင်း ☐	သင့်■	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	**-**	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၄၈၉**	☒		

ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်းရှိမြေအများစုမှာ စိုက်ပျိုးမြေများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြေဆီလွှာအရည်အသွေးအသင့်အတင့်ရှိသောကြောင့် စိုက်ပျိုးချိန်တွင် မြေဩဇာအသင့်အတင့်သုံးစွဲနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ■	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ■	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ■
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ■ နည်း ☐မရှိ ☐	လွယ် ■ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ■ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ■ သင့်☐ နည်း ☐ မရှိ ☐	လွယ် ■ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ■ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ■ မရှိ ☐	☒	လျော့ ■ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ■ မရှိ ☐	လွယ် ☐ ခက် ■ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ■
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ■ နည်း ☐ မရှိ ☐	လွယ် ■ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ■တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ■	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ■	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ■
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ■	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ■	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ■

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် သဲ၊ကျောက်များထွက်ရှိသောကြောင့် ကျေးရွာသူ/သားများ အသုံးပြုနိုင်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်မြေအောက်ရေအနေဖြင့် တွင်းတိမ်၊ လက်တူးတွင်းများဖြင့်ရေရယူသုံးစွဲကာ သုံးစွဲနိုင်မှု အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	**အလွန်ကောင်း**	**အသင့်အတင့်ကောင်း**	**ညံ့**	**အလွန်ညံ့**
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	**မရှိ**
အဓိကစီးပွားရေးလုပ်ငန်း	**စီးပွား (ဝင်ငွေ) အလွန်ကောင်း**	**စီးပွား (ဝင်ငွေ) အသင့်အတင့်**	**စီးပွား (ဝင်ငွေ) နည်း**	**စီးပွား (ဝင်ငွေ) အလွန်နည်း**
အိမ်ထောင်စု	၂၂	၂၂	၁၉	၅၆

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုအများစုမှာ အဆင်ပြေမှုမရှိဘဲ အဆင်မပြေသောအိမ်ထောင်စု အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာမှာ အဆင်ပြေစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းကြမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၁၅	၆၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၁၅_____ လုပ်အားခကြိုယူ = ____၆၀_____
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၂၀	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၀____ လုပ်အားခကြိုယူ = _____၃____
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ ____ လုပ်အားခကြိုယူ = _____ ____

ရင်းမြစ်...ဥစ္စာဓနအဆင့်"၃"နှင့်"၄"အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်းလေ့လာတွေ့ရှိချက်။။။ ဥစ္စာဓနအဆင့်(၃)နှင့်(၄)ရှိသောအိမ်ထောင်စုများမှာ များသောအားဖြင့် ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းတို့ဖြင့် ဖြေရှင်းကြကြောင်းသိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	၁		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် အိမ်ထောင်စုအနည်းငယ်သာရှိကြောင်းတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	-	-	-	-	-	-
၂	လျှပ်တပြတ်ရေကြီးခြင်း	-	-	-	-	-	-
၃	မုန်တိုင်းဒီရေ	-	-	-	-	-	-
၄	ဆူနာမီ	-	-	-	-	-	-
၅	တိုင်ဖုန်းမုန်တိုင်း	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၆	လေဆင်နှာမောင်း	-	-	-	-	-	-
၇	ငလျင်	-	-	-	-	-	-
၈	အပူလှိုင်း	✔	-	-	-	-	-
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	-	-	-	-	-	-
၁၀	အအေးလှိုင်း	-	-	-	-	-	-
၁၁	မိုးသီးကြွေကျမှု	-	-	-	-	-	-
၁၂	မိုးခေါင်ခြင်း	-	-	-	-	-	-
၁၃	တောမီးလောင်ခြင်း	-	-	-	-	-	-
၁၄	မြစ်ကမ်းပါးပြိုခြင်း	-	-	-	-	-	-
၁၅	ကမ်းရိုးတန်းတိုက်စားမှု	-	-	-	-	-	-
၁၆	မြေပြိုခြင်း	-	-	-	-	-	-
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	-	-	-	-	-	-
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	-	-	-	-	-	-
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	-	-	-	-	-	-
၂၀	သစ်တောပြုန်းတီးခြင်း	-	-	-	-	-	-
၂၁	ငှက်ဖျားရောဂါ	-	-	-	-	-	-
၂၂	တီဘီရောဂါ	✔	-	-	-	-	-
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	-	-	-	-	-	-
၂၄	ကပ်ရောဂါ	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၅	ပြည်တွင်းပဋိပက္ခ	-	-	-	-	-	-
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	-	-	-	-	-	-
၂၇	လူကုန်ကူးခြင်း	-	-	-	-	-	-
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	-	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။ မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်၊ အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု ၁၀၀တွင် ၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိခဲ့ကြောင်းတွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	-	-	-	-	-	-
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၃	ဆင်းရဲသားတောင်သူ	-	-	-	-	-	-
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ	-	-	-	-	-	-
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	-	-	-	-	-	-
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	-	-	-	-	-	-
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	-	-	-	-	-	-
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	-	-	-	-	-
၉	ငါးကန်ပိုင်ရှင်များ	-	-	-	-	-	-
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	-	-	-	-	-	-
၁၁	လူနည်းစုလူမျိုးများ	-	-	-	-	-	-
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	-	-	-	-	-	-
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	-	-	-	-	-	-
၁၄	ရွှေတွင်းလုပ်သားများ	-	-	-	-	-	-
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	-	-	-	-	-	-
၁၆	နေရပ်ပြန်အခြေချသူများ	-	-	-	-	-	-
၁၇	ရွှေ့ပြောင်းလုပ်သားများ	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၈	ကားမောင်းပြီးအသက်မွေးသူများ	-	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိ လူငယ်များ၊အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် မရှိကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	သာရေး / နာရေးအဖွဲ့	၁□၂■၃□	၄၀	၃၀	၇၀	ပညာရေး□ဌေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး■ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း■ သင့်□ ညံ့□
၂	ဓမ္မစကြံဘုန်းကြီးအဖွဲ့	၁□၂■၃□	၁၀	-	၁၀	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး■ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး■ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း■ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာ တစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာ တစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၃	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁□၂■၃□	၁၅	-	၁၅	ပညာရေး■ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း■ သင့်□ ညံ့□
၄	လမ်းကော်မတီအဖွဲ့	၁□၂■၃□	၇	၄	၁၁	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး■ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း■ သင့်□ ညံ့□
၅		၁□၂□၃□	-	-	-	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၆		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇	-	၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

